# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 20 , 2025 Volume 86 , Number 14


**၂၀ . ၁. ၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၅.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၈.၆၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၅.၁၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၅.၂၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၁၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## G to G ဖြင့် မြန်မာက တင်ပို့လိုက်သည့် ဆန်တန်ချိန် ၂၂,၀၀၀ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၊ စစ်တကောင်းဆိပ်ကမ်းသို့ရောက်ရှိ



မြန်မာ- ဘင်္ဂလားဒေ့ရှ်အစိုးရကြား G to G နဲ့ မြန်မာနိုင်ငံက တင်ပို့လိုက်တဲ့ ဆန်တန်ချိန် ၂၂,၀၀၀ ပါသင်္ဘောဟာ ဇန်နဝါရီလ ၁၆ ရက်နေ့ညပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ကြောင်း Seven Sea သင်္ဘောလိုင်းက အတည်ပြုပါတယ်။

ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရလက်ထက် မြန်မာနိုင်ငံကနေ G to G နဲ့ ပထမဆုံး တင်ပို့မှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်စားနပ်ရိက္ခာဝန်ကြီးဌာနက မီဒီယာတွေထံပေးပို့လိုက်တဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

Seven Sea သင်္ဘောလိုင်းရဲ့အမှုဆောင်အရာရှိချုပ် Md Ali Akbar က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ သဘောတူထားတဲ့ ဆန်တန်ချိန် ၁၀၅,၀၀၀ ကို ကနဦးတင်ပို့ခြင်းဖြစ်ကြောင်း TBS သတင်းဌာနကိုပြောပါတယ်။

ဆန်တွေကို သင်္ဘောကြီးဆယ်စီးနဲ့ အဆင့်ဆင့်ပို့ဆောင်မှာဖြစ်ပြီး ကုန်စည်ပို့ဆောင်မှုအားလုံးဟာ ဇန်နဝါရီလလယ်ကနေ မတ်လလယ်အတွင်းရောက်ရှိဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ဆန်စပါးဈေးကြီးမြင့်မှုကို လျှော့ချဖို့ကြိုးပမ်းမှုရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ မြန်မာနဲ့အိန္ဒိယနိုင်ငံတို့က ဆန်တင်သွင်းဖို့ စီစဉ်ထားတာပါ။

အဆိုပါအစီအစဉ်အရ မြန်မာနိုင်ငံကနေ ဆန်ဖြူတန်ချိန် ၁ သိန်းကို တစ်တန်ဈေး အမေရိကန်ဒေါ်လာ ၅၁၅ နဲ့ တင်သွင်းသွားဖို့ရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်တို့အကြား ဆန်တင်သွင်းဖို့ဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားပြီး သဘောတူညီချက်တွေက ၂၀၂၇ ခုနှစ်အထိသက်တမ်းရှိတယ်လို့ စားနပ်ရိက္ခာဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက ဆိုပါတယ်။

မြန်မာနိုင်ငံနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့ကြားဆန်ရောင်းဝယ်မှုဆိုင်ရာသဘောတူညီမှုဆိုင်ရာ MOU အရ မြန်မာက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို လက်ရှိမှာ ၃ ကြိမ်ထိ ဆန်တင်ပို့ရောင်းချထားပြီးဖြစ်ပါတယ်။

ပထမတစ်ကြိမ်မှာ ဆန်တန်ချိန် ၁ သိန်း၊ဒုတိယအကြိမ်မှာ ဆန်တန်ချိန် ၂ သိန်းနဲ့တတိယအကြိမ်မှာဆန်တန်ချိန် ၂ သိန်း အသီးသီးရောင်းချထားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့အချက်အလက်တွေအရ သိရပါတယ်။

**Source : BETV Business**

## ဒေါ်လာဈေးကျဆင်းမှုကြောင့်ပဲ၊နှမ်းဈေးကွက်တစ်ခုလုံးဈေးကျဆင်းနေ



ဒေါ်လာဈေးကျဆင်းမှုကြောင့် ပြည်တွင်းပဲ၊နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေကြောင်း ပဲ၊နှမ်းကုန်သည်များထံက သိရသည်။

ဇန်နဝါရီလလယ်တွင် ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲသစ်များ စတင်ဝင်ရောက်လာကြောင်း ပဲစင်းငုံအသစ်များပမာဏများများ ဝင်ရောက်လာသော်လည်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀ သာ ပေါက်ဈေးရှိနေကြောင်း၊ မြေပဲလုံးဆန်များ ဈေးကောင်းသော်လည်း မြေပဲဆီဆန်များ ဆီစက်ပိုင်များအဝယ်အေးနေကြောင်း၊ကျွန်းစားတော်ပဲသစ်များဈေးကောင်းရရှိလာကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

“ ပဲ၊ နှမ်းဈေးကွက်မှာ အသစ်ဝင်ရောက်တဲ့ ပဲသစ်တွေရှိလာပေမဲ့ဈေးကွက်တစ်ခုလုံးဈေးတွေကျဆင်းနေပါတယ်။ ဒေါ်လာဈေးအတက်အကျရှိနေတော့ ပို့ကုန်ပဲတွေ အကုန်လုံး ဈေးကျဆင်းနေပါတယ်။ မြေပဲလုံးဆန်လောက်သာ ဈေးကောင်းနေပေမဲ့ ဆီဆန်တွေအကုန် ဈေးအေးပါတယ်။ ကျွန်းစားတော်ပဲသစ်တွေဈေးကွက်ထဲစတင်ဝင်ရောက်လာတာ တစ်အိတ်ငွေကျပ် ၄၈၀,၀၀၀ ပေါက်ဈေး ရှိနေတယ်” ဟု ၎င်းက ပြောသည်။

ဇန်နဝါရီ ၁၆ ရက်တွင် ပို့ကုန်မတ်ပဲအသစ်တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀ ခန့် နယ်ဈေးပေါက်ဈေးရှိနေ သည်။

ပဲတီစိမ်းအညာတစ် အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာဈေးကျဆင်းနေရာဇန်နဝါရီ ၁၆ ရက်တွင်ကုလားပဲ V2 တစ်အိတ်လျှင်ငွေကျပ်၂၇၅,၀၀၀ ကုလားပဲ V7 တစ် အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ်၂၆၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

အသစ်ဝင်ပဲမာလိုင်းများမှာ ပဲလွန်းဖြူ၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ကျွန်းစားတော်ပဲတစ်အိတ်လျှင်ငွေကျပ်၄၈၀,၀၀၀၊ မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အနည်းငယ်ဈေးကျဆင်းနေရာ ဇန်နဝါရီ ၁၆ ရက်တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင်ငွေကျပ် ၆၅၅,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၈၀,၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ရေထွက်ကုန်တင်သွင်းလိုများ အီလက်ထရောနစ် MACCS စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်မည်



ပြည်တွင်းစားသုံးဖို့ ပြည်ပကနေ ရေထွက်ကုန်တင်သွင်းလိုသူတွေအနေနဲ့အီလက်ထရောနစ်စနစ်အခြေပြုမြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်(Myanmar Automated Cargo Clearance System – MACCS ) စနစ်ကိုအသုံးပြုဆောင်ရွက်ရမယ်လို့ အကောက်ခွန်ဦးစီးဌာနက အသိပေးထားပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် (Trade Facilitation Agreement )လုပ်ငန်းစဉ်ပါအတိုင်း ကုန်သွယ်မှုလုပ်ငန်းမှာ လိုအပ်တဲ့အချက်အလက်တွေကို အီလက်ထရောနစ် စနစ်နဲ့ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ၂၀၂၅ ခုနှစ်၊ဖေဖော်ဝါရီလမှစတင်ပြီး အကောက်ခွန်ဦးစီးဌာနရဲ့ MACCS စနစ်ကို အသုံးပြုပြီးဆောင်ရွက်သွားမယ်လို့ ထုတ်ပြန်ထားပါတယ်။

သွင်းကုန်လုပ်ငန်းရှင်တွေအနေနဲ့ ဇန်နဝါရီလ ၁၅ ရက်နေ့မှစတင်ပြီး အကောက်ခွန်ဦးစီးဌာနမှ MACCS User Code နဲ့ E- Token တွေကို Company Letter Head ကတိဝန်ခံချက်လျှောက်လွှာ၊လျှောက်ထားသူရဲ့ မှတ်ပုံတင်၊ IE Code ၊Application Form (UR-1) ၊ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်လက်မှတ်တွေကို ပူးတွဲတင်ပြရမယ်လို့ သိရပါတယ်။

လုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပမှရေထွက်ကုန်ပစ္စည်းတွေတင်သွင်းခြင်းမပြုမီ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ပို့ကုန်/ သွင်းကုန်လုပ်ငန်းရှင်လက်မှတ်၊အရောင်းအဝယ်စာချုပ်၊ကုန်ထုပ်ပိုးမှုပင်ရင်းဒေသသက်သေခံလက်မှတ်၊ Health / Sanitary Certificate ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရဲ့ထောက်ခံချက်တွေကို MACCS စနစ်မှာ ပူးတွဲလျှောက် ထားရမှာပါ။

ဒါကြောင့် သွင်းကုန်လုပ်ငန်းရှင်တွေအနေနဲ့ ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလမှစတင်ပြီးအီလက်ထရောနစ်စနစ် အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိဖို့ အကောက်ခွန်ဦးစီးဌာနက အသိပေးကြေညာထားပါတယ်။

**Source : BETV Business**

## တွံတေးမြို့နယ်၌ နွေစပါးဧက ၃၀,၀၀၀ ကျော်စိုက်ပြီးစီးနေပြီး ဆန်စပါးပေါ်ချိန်တွင် ဒေသဈေးကွက်အပြင် ပြည်ပသို့ ဆန်တင်ပို့နိုင်ရေး အထောက်အကူဖြစ်စေမည်



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ နွေစပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် နွေစပါး ၄၂,၈၀၄ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ဧက ၃၀,၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ဆန်စပါးပေါ်ချိန်တွင် ဒေသဈေးကွက်အပြင် ပြည်ပသို့ ဆန်တင်ပို့နိုင်ရေး အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

တွံတေးမြို့နယ်ရှိ ကျေးရွာများ၌ မိုးစပါးရိတ်သိမ်းပြီးနောက် စိုက်ပျိုးရေအဆင်ပြေသောဒေသများ၌ နွေစပါးကို အဓိကထားစိုက်ပျိုးကြကာ ယခုနှစ်နွေစပါးလျာထားဧက ၄၂,၈၀၄ တွင် ဧက ၃၀,၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နွေစပါးကို ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိသော စပါးမျိုးများဖြစ်သည့် ရက် ၉၀ နှင့်ဆင်းသုခ စပါးမျိုးများကို အဓိကထား စိုက်ပျိုးကြသည်။

“မိုးစပါးက မိုးရာသီမှာ ရေကြီးနစ်မြုပ်တာ ၊ရွှေခရုဖျက်ဆီးတာတွေရှိတဲ့အတွက် အထွက်နှုန်းလျော့နည်းလို့ ချောင်း၊ မြောင်းတွေ နဲ့နီးတဲ့တောင်သူတွေက နွေစပါးကို အဓိကထားစိုက်ပျိုးကြတယ်။ဒီနားတစ်ဝိုက်မှာ ရက် ၉၀ ၊ ဆင်းသုခ၊ အညာသား၊ ရွှေဘိုခွန်းဘောကျား၊ ခွံနီနဲ့တောင်ပျံစပါးမျိုးတွေကို အဓိကစိုက်ပျိုးကြပါတယ်။ ဒီစပါးမျိုးတွေက တစ်ဧက တင်း ၉၀ ကနေ ၁၀၀ အထိ ထွက်ရှိပါတယ်”ဟု တွံတေးမြို့နယ် တကလှဲကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

တွံတေးမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် လျာထားဧကပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဒေသခံတောင်သူများနှင့်သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တွံတေးမြို့နယ်၌ နွေစပါးလျာထားဧကများ စိုက်ပျိုးပြီးစီးပါက ဆန်စပါးပေါ်ချိန်တွင် ဒေသတွင်းဆန်၊ စပါးဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အကျိုးပြုမည်ဖြစ်ကာ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့နိုင်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ဆိပ်ဖြူမြို့နယ်၌ မိုးကြက်သွန်နီ ဥစိုက်တောင်သူများ အကျိုးအမြတ်များစွာရရှိနေ




မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် ကိုင်းကျွန်းမြေနှင့် ကုန်းတွင်းပိုင်းမြေမာများတွင် မိုးကြက်သွန်နီဥစိုက် ဧက ၉၀၀ ခန့်ဒေသစီးပွားဖြစ် နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က ကြက်သွန်နီဈေးကွက်ခိုင်မာပြီး ဈေးကောင်းရရှိခြင်းကြောင့် ယခုနှစ်တွင်စိုက်ဧက ၁၀၀၀ခန့်ထိ တိုးချဲ့စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလဆန်းမှ နိုဝင်ဘာလကုန်ထိ စိုက်ပျိုးကြပြီး ဒီဇင် ဘာလလယ်မှ ဇန်နဝါရီလကုန်ထိ တူးဖော်ရိတ်သိမ်းရကြောင်း၊ ယခုနှစ်တွင် ဈေးနှုန်းအနေဖြင့် သီးနှံပေါ်ချိန် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအစောပိုင်းတွင် အရောင်းအဝယ်ဖြစ်သော ကြက်သွန်နီဈေးနှုန်းမှာ သီးနှံအရည်အသွေးလိုက်၍ မိုးကြက်သွန်နီအသစ်တစ်ပိဿာလျှင် ပွဲရုံပြတ်ဈေး ကျပ်၂၅၀၀-၂၈၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလပထမပတ်တွင်တစ်ပိဿာလျှင်ကျပ် ၃၁၅၀ ထိဈေးတက်ပြီးအရောင်းအဝယ်ဖြစ်ကြောင်း၊ယခင်နှစ်ကသီးနှံပေါ်ချိန်ဈေးကွက်တွင်တစ်ပိဿာလျှင် ကျပ် ၂၂၀၀- ၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြည်တွင်းဈေးကွက်အပြင် ပြည်ပဝယ်လိုအားကောင်း၍ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဈေးကွက်က သိရသည်။

ယခုနှစ် မိုးကြက်သွန်နီဥစိုက်တစ်ဧကစိုက်ပျိုးရာတွင် စိုက်ပျိုးချိန်မှ သီးနှံရိတ်သိမ်းချိန်ထိ ရာသီဥတုအနေအထား ကောင်းမွန်ခြင်းကြောင့် သီးနှံပျက်စီးမှုနည်း၍ ကြက်သွန်နီအထွက်ကောင်းကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှပိဿာ ၄၀၀၀ -၄၅၀၀ ခန့်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် သွင်းအားစုအမျိုးမျိုး ဝယ်ယူခ၊ အလုပ်သမားငှားရမ်းခ ကြီးမြင့်ခြင်းကြောင့် ကျပ် ၃၈ - ၄၀ သိန်းခန့် ကုန်ကျကြောင်း၊မိုးကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၆၅၀ ဈေးဖြင့် ရောင်းချရပါကတစ်ဧကလျှင် ကျပ်၁၀၆ သိန်းခန့်ဝင်ငွေရရှိ၍အကျိုးအမြတ်အနေဖြင့် ၆၆ သိန်းခန့် ရရှိကြောင်း၊မိုးကြက်သွန်နီဥစိုက်တောင်သူများကြက်သွန်နီဥတူးဖော်ရောင်းချချိန်တွင် ဝယ်လိုအားဈေးကွက်အပေါ်မူတည်ပြီး နေ့စဉ်နှင့်အမျှ ဈေးနှုန်းပြောင်းလဲမှုရှိသည့်အတွက် တောင်သူတစ်ဦးချင်းစီ၌ အကျိုးအမြတ်ရရှိပုံမတူညီကြောင်း ဒေသခံတောင်သူတစ်ဦးထံက သိရသည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ အဓိကတင်ပို့ပြီး ထိုမှတစ်ဆင့် ပြည်တွင်းနေရာအနှံ့အပြားသို့တင်ပို့လျက်ရှိကြောင်း၊ ပြည်ပပို့ကုန်အဖြစ် မြဝတီ၊မော်လမြိုင်၊မူဆယ်မြို့ဝယ်လက်များမှတစ်ဆင့် ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့လျက်ရှိရာ ပြည်တွင်းပြည်ပဈေးကွက်ခိုင်မာ

မှုရှိပြီး မိမိဒေသစီးပွားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို အထောက်အပံ့ဖြစ်စေသည့် ပြည်ပပို့ကုန် ကြက်သွန်နီသီးနှံ ကို ဆိပ်ဖြူမြို့နယ်ရှိစိုက်တောင်သူများမှ စီးပွားဖြစ်နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source : DOCA မကွေး**

https://www.doca.gov.mm/

## မြန်အောင်မြို့နယ်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့နယ်မှဒေသထွက်ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

မြန်အောင်မြို့နယ်၌ ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဒေသထွက်ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

အဆိုပါဒေသထွက်ခရမ်းသီးများတစ်ရက်လျှင် အလုံး ၄၀,၀၀၀မှ ၅၅,၀၀၀အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေထွက်ရှိတဲ့ ခရမ်းသီးတွေအဝယ်လိုက်နေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ဒေသထွက်ခရမ်းသီးတွေကပိုးမွှားကင်းရှင်းပြီးအရည်အသွေးကောင်းမွန်ပါတယ်။ဒီနှစ်မှာ အထွက်နှုန်းလည်းကောင်းတယ်။လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ အရောင်းအဝယ်ကောင်းမွန်နေတာပါ''ဟု ၎င်းကပြောသည်။

မြန်အောင်မြို့နယ်၌စိုက်ပျိုးထွက်ရှိသည့်ဒေသထွက်ခရမ်းသီးများအပါအဝင်တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက် အပြင် ပုသိမ် ၊ ရေကြည်စသည့်ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

Source : https://www.myawady.net.mm/

## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အစားအသောက်အရောင်ဆိုးသည့်ဆေး Red 3 အသုံးပြုမှုတားမြစ်

အစားအသောက်အရောင်ဆိုးဆေး Red 3 သည် တိရစ္ဆာန်များတွင် ကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်မှုရှိခြင်းကြောင့် အသုံးပြုမှုတားမြစ်ကြောင်း အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန Food and Drug Administration, FDA က ထုတ်ပြန်ခဲ့သည်။

စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် Red 3 အရောင်ဆိုးဆေးအသုံးပြုထုတ်လုပ်သည့် အစားအသောက်များကို ၂၀၂၇ ခုနှစ် ၊ နှစ်ဆန်းပိုင်းမှစ၍ ပြင်ဆင်ထုတ်လုပ်ရမည်ဖြစ်သည်။

ကြွက်ထီးများအား အဆိုပါ Red 3 အရောင်ဆိုးဆေးပါဝင်သည့်အစားအစာများကို ကျွေးမွေး၍ခတ်ခွဲခန်း၌စမ်းသပ်စစ်ဆေးခဲ့ရာ ကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်မှုရှိနေသဖြင့်စားသုံးသူများက ယင်းဆိုးဆေးကို အသုံးပြုမှုတားမြစ်ရန် တွန်းအားပေးခဲ့ခြင်းဖြစ်သည်။

FDA ၏ တားမြစ်ချက်တွင် Red 3 အရောင်ဆိုးဆေးနှင့် အခြားစွဲစေတတ်သောပါဝင်ပစ္စည်းများလည်းပါဝင်မည်ဖြစ်ပြီး ဌာန၏ "ကျန်းမာရေးနှင့်ညီညွတ်သော Healthy"စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပါ ပြင်ဆင်ရန် လိုအပ်လာမည်ဖြစ်သည်။

Red 3 အရောင်ဆိုးဆေးကိုရေနံဆီများမှထုတ်လုပ်ပြီးအစားအစာနှင့်ဖျော်ရည်များအားချယ်ရီရောင်ဖြစ်လာစေရန် အသုံးပြုကြပြီး FDA က ယင်းအရောင်ဆိုးဆေးကို ၁၉၆၉ ခုနှစ်တွင် အသုံးပြုခွင့်ပြုခဲ့သည်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် အလှကုန်ပစ္စည်းများနှင့် အရေပြားရောဂါဆေးအချို့၌ အဆိုပါအရောင်ဆိုးဆေးအသုံးပြုမှု ကို FDA က တားမြစ်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် Center for Science in the Public Interest အဖွဲ့နှင့် အခြားအဖွဲ့အစည်းနှင့်လူပုဂ္ဂိုလ် ၁၀ ကျော်တို့က အစားအသောက်နှင့် ဆေးဝါးတို့တွင် Red 3 အရောင်ဆိုးဆေးအသုံးပြုမှုကို တားမြစ်ရန် အသနားခံစာပေးပို့ခဲ့ကြသဖြင့် ယင်းသို့ တားမြစ်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

**Source :** https://myantrade.gov.mm/

## အရှေ့အလယ်ပိုင်းဒေသလုံခြုံရေးအပါဝင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုကို တိုးမြင့်လာစေမည့် ရုရှား - အီရန်ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်



ရုရှားနှင့်အီရန်ကြားကျယ်ပြန့်လှသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်သည် အရှေ့အလယ်ပိုင်း ဒေသရှိလုံခြုံရေးနယ်ပယ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်စေလာနိုင်မည်ဖြစ်သည်။

အကြောင်းမှာ အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အင်အားတောင့်တင်းပြီး လွှမ်းမိုးမှုသြဇာကြီးမားသော နိုင်ငံဖြစ်သလို ရုရှားနိုင်ငံသည် ကမ္ဘာ့အင်အားကြီး ဆူပါပါဝါနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေခြင်းကြောင့် ပင်ဖြစ်သည်။

ထို့ကြောင့် အီရန်နှင့်ရုရှားနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည်ဒေသတွင်းတည်ငြိမ်ရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် ၎င်းနှစ်နိုင်ငံကအာရုံစိုက်လုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာအီရန်သံအမတ်ကြီး ကာဇင်ဂျာလီလီက Sputnik သတင်းဌာနကို ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အီရန်သမ္မတမာဆွတ်ပီဇက်ကီယန်းနှင့် ရုရှားနိုင်ငံမော်စကိုမြို့၌ ဇန်နဝါရီလ ၁၇ ရက်တွင်တွေ့ဆုံ၍ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ကျယ်ပြန့်စွာဆွေးနွေးမည်ဖြစ် သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်များသည် ရုရှားနှင့်အီရန်တို့ကြား နှစ်နိုင်ငံဆက်ဆံရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်တစ်ရပ်အဖြစ် ရုရှားအစိုးရကဖော်ပြထားသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

အဆိုပါ နှစ်နိုင်ငံကြားဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းစေမည်ဖြစ်သည်။

ထို့ပြင် အဆိုပါ ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကြောင့် ရုရှားနှင့်အီရန်တို့ကြား ယခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်မည့် နှစ်နိုင်ငံကုန်သွယ်မှုသည် စံချိန်သစ်တင်နိုင်မည့် အလားအလာရှိသည်။

နှစ်နိုင်ငံကြားချမှတ်လိုက်သည့်သဘောတူညီချက်သည်အီရန်အတွက်အကျိုးကျေးဇူးများစွာကိုဖြစ်ပေါ်လာစေနိုင်ကြောင်း တွေ့ရှိရသည်။

အကြောင်းမှာ အီရန်နိုင်ငံက ရုရှားနှင့်ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို ချမှတ်လိုက်ခြင်းကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးဆက်ဆံရေးလုပ်ငန်းစဉ်များကို သိသိသာသာချောမွေ့လာစေနိုင်သည်။

ဒုတိယအချက်မှာ BRICS အဖွဲ့တွင်လည်း အီရန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အခန်းကဏ္ဍကိုပါ ပိုမိုအားကောင်းလာစေနိုင်သည်။

BRICS အဖွဲ့တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့်တောင်အာဖရိကစသည့်နိုင်ငံကြီးများပါဝင်လျက်ရှိရာယင်းနိုင်ငံကြီးများနှင့် ပူးပေါင်း ဆောင်ရွက်မှုကိုပါ တိုးမြှင့်လာနိုင်မည်ဖြစ်သည်။

နောက်တစ်ချက်ကို ကြည့်မည်ဆိုပါကရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ SCO အတွင်းရှိ အီရန်၏ ပူးပေါင်းဆောင်ရွက်မှုကိုပါ ထူးထူးခြားခြား တိုးတက်လာစေမည်ဖြစ်သည်ကိုတွေ့ရမည်ဖြစ်သည်။

ရုရှားနှင့်အီရန်ကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၄ ဘီလီယံခန့်ရှိသည်ဟုခန့်မှန်းရပြီး ယခုချုပ်ဆိုသည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်အရ ရုရှားနှင့်အီရန်တို့ကြား ကုန်သွယ်ရေးကဏ္ဍတွင်သာမက ပညာရေးနှင့် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေး စသည့်အချက်များ ပါဝင်လျက်ရှိသောကြောင့် နှစ်နိုင်ငံကြား ကုန်သွယ်ရေးဆက်ဆံမှုကိုသာမက အခြားကဏ္ဍများရှိ ပူးပေါင်းဆောင်ရွက်မှုကိုပါ ပိုမိုကောင်းမွန် တိုးတက်လာစေမည်ဖြစ်သည်။

ပညာရေးနှင့်ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး သဘောတူညီချက်အရ နှစ်နိုင်ငံစလုံးမှ ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးသည့်ဆရာနှင့်ဆရာမများအား ရုရှားနှင့်အီရန်သို့အပြန်အလှန်စေလွှတ်မည်ဖြစ်ရာ နှစ်နိုင်ငံကြားနည်းပညာပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင်လည်း ပိုမိုအားကောင်းလာစေမည်ဟု အီရန်က မျှော်လင့်လျက်ရှိသည်။

ထို့ပြင် ရုရှားနှင့် အီရန်တို့အနေဖြင့်နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ထောက်ပံ့ပို့ဆောင်မှုနှင့် သယ်ယူပို့ဆောင် ရေးဆိုင်ရာ အခြေခံအဆောက်အဦတည်ဆောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေမည့် နည်းလမ်းများကို ရှာဖွေသွားမည်ဖြစ်ကြောင်း ရုရှားအစိုးရက ထုတ်ပြန်ထားသည်။

ရုရှားနှင့် အီရန်နိုင်ငံတို့သည် လက်ရှိတွင်လည်း အဓိကအခြေခံအဆောက်အဦစီမံကိန်းကြီးတစ်ခုဖြစ်သည့် North South Transport Corridor တွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းသည် အိန္ဒိယ၊ အဇာဘိုင်ဂျန်၊ ရုရှား၊ ဗဟိုအာရှနှင့်ဥရောပတို့ကြား သယ်ယူပို့ဆောင်ရေးဆိုင်ရာချိတ်ဆက်မှုတစ်ရပ်တည်ဆောက် ရန်ရည်ရွယ်ထားသည့် စီမံကိန်းဖြစ်သည်။

အဆိုပါစီမံကိန်းကြီးတွင်ကုန်ပစ္စည်းစီးဆင်းမှုချောမွေ့စေရေးအထောက်အကူပြုစေမည့်မီးရထားလမ်း၊ရေကြောင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း၊ မော်တော်ကားလမ်းများ တည်ဆောက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။


၎င်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ကမ္ဘာ့နိုင်ငံများကြားပထဝီနိုင်ငံရေးခြိမ်းခြောက်မှုများဖြစ်ပွားပါက ကုန်ပစ္စည်းများကို
ပို့ဆောင်ရာတွင်စူးအက်တူးမြောင်းအစားအသုံးပြုနိုင်သည့်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်တစ်ခုဖြစ်လာနိုင်သည်ဟု ကျွမ်းကျင်သူများက ရှုမြင်လျက်ရှိသည်။

ရုရှားနှင့် အီရန်တို့ကြား ဆက်ဆံရေးသည် တစ်နိုင်ငံ၏အကျိုးစီးပွားကို အခြားတစ်နိုင်ငံက လျစ်လျူရှုခြင်းမရှိဘဲ စဉ်းစားပေးခြင်း၊ အပြန်အလှန်လေးစားခြင်းတို့အပေါ်အခြေခံထားခြင်းကြောင့်ယခင်ကထက်ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း တွေ့ရှိရသည်။

ထို့ပြင်နှစ်နိုင်ငံကြား ယခုချုပ်ဆိုလိုက်သည့် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်သည် ၂၀၀၁ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၏ နေရာတွင် အစားထိုး ဝင်ရောက်မည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအား မဟာဗျူဟာမြောက်အဆင့်သို့ ရောက်ရှိလာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**Source : RT, Sputnik** https://www.myawady.net.mm/

## ရုရှားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များအား အခွန်အသစ်စည်းကြပ်မည်



ရုရှားနိုင်ငံတစ်ဝှန်း ခရီးသွားအခွန်အသစ်သည် ယခင်အပန်းဖြေစခန်းကြေးကို အစားထိုးလိုက်ကြောင်း RIA Novosti သတင်းဌာနက ဇန်နဝါရီလ ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ဟိုတယ်များနှင့် အခြားတည်းခိုခန်းများတွင် တည်းခိုသည့် ခရီးသွားများသည် ၎င်းတို့၏ တည်းခိုစရိတ်၏ နောက်ထပ် ၁ ရာခိုင်နှုန်းအား ပေးဆောင်ရမည်ဖြစ်ပြီး ဒေသတွင်း ခရီးသွားလာရေး အခြေခံအဆောက်အအုံများအား ကောင်းလာစေရန် အဆင့်လိုက်အစီအစဉ်တစ်ခုအဖြစ် စတင်လိုက်ခြင်း ဖြစ်ကြောင်းသိရ သည်။

ဒေသဆိုင်ရာအာဏာပိုင်များ၏ ဆုံးဖြတ်ချက်အရအခွန်ကိုဒေသဆိုင်ရာစည်းကြပ်မှုအဖြစ် အကောင်အထည်ဖော်ရန်ဒေသဆိုင်ရာအာဏာပိုင်များ၏ ဆုံးဖြတ်ခွင့်ကိုပေးသည့်ကဏ္ဍသစ်တွင် "Tourist Tax" ဟု ခေါင်းစဉ်တပ်ထားသည့် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ရုရှားအခွန်ကုဒ်ကို ပြင်ဆင်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် မိတ်ဆက်ခဲ့သည်။

အထူးသဖြင့် တည်ထောင်ထားသော (သို့မဟုတ်) ထွန်းသစ်စခရီးသွားလုပ်ငန်းနယ်ပယ်များရှိ ဒေသအများအပြားသည် အဆိုပါအစီအစဉ်ကို လက်ခံကျင့်သုံးနေပြီဖြစ်သည်။

လက်ရှိမူဘောင်အရ ခရီးသွားအခွန်သည် ၂၀၂၅ ခုနှစ် တွင် ၁ ရာခိုင်နှုန်းဖြင့်စတင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် ၃ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းတိုးလာမည် ဖြစ်ကြောင်းသိရသည်။

**Source : Xinhua**

**DOCA ( ရန်ကုန် )**

https://www.doca.gov.mm/

## အမေရိကန်ကုန်ပစ္စည်းများအပေါ် အပြန်အလှန်အားဖြင့် ကနေဒါနိုင်ငံက အခွန်စည်းကြပ်ကောက်ခံမည်

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ကနေဒါနိုင်ငံ၏ကုန်ပစ္စည်းအားလုံးအပေါ်စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမည်ဆိုပါက ကနေဒါနိုင်ငံသည်လည်း အမေရိကန်ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်ကောက်ခံသွားမည်ဖြစ်ကြောင်း ကနေဒါအစိုးရက ပြောကြားသည်။

အခွန်စည်းကြပ်ရန် အကျုံးဝင်မည့် အမေရိကန်ကုန်ပစ္စည်းစာရင်းကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။

အခွန်စည်းကြပ်ကောက်ခံမည့် ကုန်ပစ္စည်းတန်ဖိုးသည် ကနေဒါဒေါ်လာ ၁၅၀ ဘီလီယံရှိပြီး ယင်းပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၄ ဘီလီယံခန့်ရှိကြောင်း သိရသည်။

အဆိုပါပမာဏသည် အမေရိကန်နိုင်ငံမှ တင်သွင်းသည့်ကုန်ပစ္စည်းများ၏ သုံးပုံတစ်ပုံနီးပါးနှင့်ညီမျှသည်။

ကနေဒါအစိုးရသည် ဝါရှင်တန်၏လုပ်ဆောင်ချက်များအပေါ် မူတည်ပြီးနောက်ထပ်လုပ်ဆောင်ချက်များကို ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး မာရီဟာမ်းက ပြောကြားသည်။

ကနေဒါနိုင်ငံသည် အမေရိကန်၏ ထုတ်ကုန်များကိုအဓိကဝယ်ယူသုံးစွဲသည့်နိုင်ငံဖြစ်ကြောင်း၎င်းကအမေရိကန်စီးပွားရေးရုပ်သံလိုင်း စီအင်န်ဘီစီသို့ ပြောကြားသည်။

ကနေဒါနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို အခွန်စည်းကြပ်ပါကအမေရိကန်ပြည်သူများအနေဖြင့် အဆိုပါကုန်ပစ္စည်းများအပေါ် ဈေးပိုပေးရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**Source : ကြေးမုံသတင်းစာ**

# STOCK EXCHANGE (20.1.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Jan. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 14,426,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 578 | 4,739,600 | 33,109,694 | 271,500 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,100 | 611 | 1,905,400 | 38,929,150 | 124,573 |
| MCB | 00003 | 8,500 | +200 | +2.41% | 8,500 | 8,500 | 8,500 | 40 | 340,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,653 | 3,140,700 | 29,664,613 | 56,363 |
| TMH | 00005 | 3,300 | +200 | +6.45% | 3,300 | 3,300 | 3,300 | 10 | 33,000 | 12,823,224 | 42,317 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 594 | 998,300 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | -100 | -2.33% | 4,200 | 4,200 | 4,200 | 396 | 1,663,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 510 | 1,606,500 | 23,804,946 | 74,986 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.31 | +0.78 | +0.20% | 387.54 | 390.31 | 386.51 | 4,392 | 14,426,700 | 8 | 736,198 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 13th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 14,426,700 (MMK) |

| MYANPIX | 390.31 ▲ 0.78 |
|---|---|
| Total Volume (shares) | 4,392 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 736,198 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 200 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,300 | ▲ 200 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,200 | ▼ 100 |
| MAEX | 00008 | 3,150 | ▲ 50 |